နှက် I က၊ <hnet> ①(用棍、棒)打,敲：နှစ်ချက်ဆင့်၍စည်တော်ကို ～ လိုက်သည်။ 连续敲了两下大鼓。②钉(钉子、楔子等)：သံ ～ သည်။ 钉楔子。③折磨 ④挖苦,攻击：သူ့ကိုသာသာနဲ့နာနာ ～ လိုက်တယ်။ 委婉但又狠狠地挖苦他一通。⑤(诗)增加;添加 ⑥(俚)吃：ကြက်သွန်ဥတတက်ပြီးတတက် ～ လိုက်သည်။ 把蒜头一瓣一瓣地吃掉了。 II နဝ၊ <hnet> (合)充满：အခန်းထဲမှာလူတွေပြည့် ～ နေတာပဲ။ 房间里挤满了人。

နှက်ကိ နဝ၊ <hnet ki'> (古)众多,充满

နှောက် က၊ <hnaut> ①弄浑,弄混：သောက်ရေကိုမ ～ ရဘူး။ 不要将饮用的水弄浑。②扰乱,搅扰：ကျွန်တော်စိတ်ကိုတမင်လာ ～ သလိုပဲ။ 好像故意来扰乱我的心似的。③混杂,搀杂

နှိုက် I က၊ <hnait> ①(用手)掏,扒：ခါးပိုက် ～ 扒手 / ကလေးတွေပရစ်ကောင်တွေကို ～ နေကြတယ်။ 孩子们在捉蟋蟀。②挖取,挖掘：သတင်းလာမ ～ နဲ့။ 不要来摸底。③(喻)发掘;深入：ခပ်နက်နက် ～ ၍တွေးလိုက်ပြန်သည်။ 再进一步深入考虑。④(喻)向深处,使之更凹进：အင်္ကျီချိုင်းအိုးပွနေသည်။အနည်းငယ် ～ ပြီးချုပ်လိုက်ပါ။ 衣服袖笼大了,多缝进去一点吧。 II ပ၊ <hnait> 在……(时、地),简写为၌

နှိုက်နှိုက်ချွက်ချွတ် ကဝ၊ <hnait hnait khyut khyut> 刨根追底地：～ မေးတတ်သည်။ 爱刨根问底。

နှိုက်နှိုက်နဲ့နဲ့ ကဝ၊ <hnait hnait hne: hne:> 深刻地：～ နားလည်သည်။ 理解很深。

နှင့် I သ၊ <hnin'> (书)和：ကျွန်တော် ～ သူမော်လမြိုင်သို့သွားကြသည်။ 我和他到毛淡棉去。 II ပ၊ <hnin'> ①与,跟,同：ကျွန်တော်တို့နိုင်ငံ ～ သံအဆက်အသွယ်ထားသောနိုင်ငံ 同我国建交的国家 ②用,以：ဖောင်တိန် ～ စာရေးသည်။ 用钢笔写信。/ ကား ～ သွားမည်။ 乘车子去。/ စစ်သည်တော်ငါးရာ ～ ထိုမြို့ကိုတိုက်သည်။ 用五百士兵攻打该城。③用于副词或短语后,起状语助词作用：စိတ်အားထက်သန်စွာ ～ ပြောသည်။ 满腔热情地说。/ စကားကပြောပြော ～ လာသည်။ 一边说着话一边走过来。/ စာရေးမည်ရေးမည် ～ မရေးဖြစ်သေးပါ။ 早就要给你写信但还没有写成。④意为"带着……的"：ဆံထုံးကြီး ～ မိန်းမ 梳着发髻的女人 / သေနတ် ～ လူ 带枪的人 ⑤表示原因：ခင်ဗျားဘာကိစ္စ ～ လာသနည်း။ 你为什么事来这里? / ကင်ဆာရောဂါ ～ ကွယ်လွန်သွားရှာသည်။ 因患癌症死去。⑥作否定句句尾,表示"不要……"：မသွား ～ ။ 别去。 III ကထ၊ <hnin'> 先：ခင်ဗျားသွား ～ ပါ။ 你先去吧。

နှင့်ချီပြီး ပ၊ <hnin' khyi pyi:> 以……为数的：ရာ ～ 数以百计 / တပြည်လုံး ～ ထောပနာပြုကြသည်။ 举国欢庆。/ သမိုင်း ～ ကျွန်တော်တို့နှစ်နိုင်ငံသည်ချစ်ကြည်စွာဆက်ဆံခဲ့ကြပါသည်။ 历史上我们两国就是友好相处的。

နှင့်ချီ၍ ပ၊ <hnin' khyi ywei'> = နှင့်ချီပြီး

နှင့်တကွ သ၊ <hnin d-gwa'> 以及,同……一起：ဝန်ကြီးချုပ် ～ ဧည့်သည်တော်များအား လှိုက်လှိုက်လှဲလှဲကြိုဆိုပါသည်။ 热烈欢迎总理和各位贵宾们。

နှင့်လျော်စွာ I သ၊ <hnin' lyaw zwa> 与……相适应：လူဦးရေတိုးလာသည် ～ စိုက်ပျိုးရေးလည်းတိုးတက်လာသည်။ 随着人口的增加,农业也发展了。/ ရာသီဥတု ～ ဝတ်ဆင်သည်။ 按季节穿衣服。 II ပ၊ <hnin' lyaw zwa> 与……一致

နှင့်လျော်ညီစွာ သ၊ <hnin' lyaw nyi zwa> = နှင့်လျော်စွာ

နှင့်အညီ ပ၊ <hnin' a-nyi> 与……一致：နိုင်ငံတော်ချမှတ်ထားသောစည်းကမ်းများ ～ ကျင့်ကြံသည်။ 按国家规定的规章制度办事。

နှင့်အတူ ပ၊ <hnin' a-tu> 同……一道,同……一起：သူသည်မောင်ကျော်ဝင်း ～ မြို့ထဲသွားသည်။ 他同貌觉温一起进城了。

နှင့်အမျှ I သ၊ <hnin' a-hmya'> 按……,随着……：စက်မှုလုပ်ငန်းထွန်းကားလာသည် ～ ပြည်သူတို့၏လူနေမှုအဆင့်အတန်းလည်းမြင့်လာပါသည်။ 随着工业的发展,人民的生活水平也提高了。 II ပ၊ <hnin' a-hmya'> 每……(时间)：နေ့စဉ် ～ 每日 / မိနစ် ～ 每分钟;每时每刻

နှင် က၊ <hnin> 驱逐,赶,撵：ရထား ～ သည်။ 赶大车。

နှင်ချ က၊ <hnin khya'> 驱逐,赶出：မိဘများကသူ့ကိုအိမ်မှ ～ လိုက်သည်။ 父母把他从家里赶出去了。

နှင်စာ န၊ <hnin za> 驱逐令

နှင်တံ န၊ <hnin dan> 赶牲畜用的竹子或棍子

နှင်ထုတ် က၊ <hnin htout> 撵出,驱逐,赶走

နှင်နှင် ကဝ၊ <hnin hnin> ①同样地：ရုပ်ရှင်တွင်လည်းဤနည်း ～ ဖြစ်ကြောင်း။ 电影里也同样是这一套。②平凡,普通：သူ့ကို ～ လူမှတ်သလား။ 你以为他是一般的人吗?

နှင်း I န၊ <hnin:> 露;薄雾;雪：～ တဖွဲဖွဲ 雾朦朦 / ဆီး ～ 雪 II က၊ <hnin:> 授与,颁发：ဆု ～ ပွဲ 颁奖式仪 / ဘွဲ့ ～ သဘင် 授衔仪式

နှင်းကာအင်္ကျီ န၊ <hnin: ga in: gyi> 御寒披肩(见图)



နှင်းကာအင်္ကျီ

နှင်းကျ က၊ <hnin: kya'> 下霜,下雾,下雪

နှင်းကွဲ က၊ <hnin: kwe:> 雾散,放晴

နှင်းခါးရိုက် က၊ <hnin: ga: yait> 果实被厚厚的霜雪复盖

နှင်းခူ န၊ <hnin: gu> 【医】湿疹,分 ～ အစို၊ ～ အခြောက်和ဝဲ ～ 三种：～ ရေယုန် 泡疹